
# COVID-19 ကာကွယ်ဆေး၏ သိသာထင်ရှားသော ဆိုးကျိုး သက်ရောက်မှုများမှာ

၁ မောပန်းနွမ်းနယ်ခြင်းနှင့် ခေါင်းကိုက်ခြင်း

၂ ဖျားခြင်း/ကိုယ်ပူရှိန်တက်ခြင်း

၃ ချမ်းတုန်ခြင်း

၄ ဆေးထိုးသည့်နေရာတွင် နာခြင်း (သို့) ရောင်ရမ်းခြင်း



**လူနာအများစုတွင် အထက်ပါလက္ခဏာများဖြစ်လေ့ရှိပြီး အချိန်တိုအတွင်း သက်သာလေ့ရှိသည်။**

ကာကွယ်ဆေးထိုးပြီး ၂၄ နာရီကျော်ကြာသည့် အခါမှ ပိုမိုနာကျင်ကိုက်ခဲလာပါက (သို့) ရက် အနည်းငယ် ကြာသည်အထိ ဆေး၏ ဆိုးကျိုးသက်ရောက်မှုများ မသက်သာပါက တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက် ပေးသူ/ဆရာဝန်ထံ ဆက်သွယ်ပါ။



**အချို့သောလက္ခဏာများကို ဆေးဆိုင်တွင် ဝယ်ယူရရှိနိုင်သော ဆေးများက သက်သာစေနိုင်သော်လည်း တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်ပေးသူ/ဆရာဝန်နှင့် အရင်ဆွေးနွေးပြောဆိုပါ။**

အစာအိမ်အနာ (သို့) နာတာရှည် ကျောက်ကပ်ရောဂါကဲ့သို့ ရောဂါအခံရှိသော လူနာများအနေဖြင့် အောက်ပါ ဆေးများသောက်သုံးရာတွင် အချို့သော အချက်များကို ကြိုတင်လိုက်နာရန် လိုအပ်နိုင်ပါသည်။

- Ibuprofen
- Aspirin
- Antihistamines

## အားလုံးလိုက်နာခြင်းဖြင့် အတူတကွ ကာကွယ်ပါ။



ဆပ်ပြာနှင့်ရေဖြင့် လက်ဆေးပါ၊ | တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေပါ၊ | ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ပါ၊ | နီးကပ်စွာထိတွေ့ ဆက်ဆံမိသူများကို ခြေရာကောက်ပါ၊ | သီးခြားခွဲ၍ နေထိုင်ပါ၊ | လေဝင်လေထွက် ကောင်းမွန်ပါစေ၊ | ကာကွယ်ဆေး ထိုးနှံပါ၊

World Health Organization Myanmar
Gavi The Vaccine Alliance
unicef for every child